အသေးစိတ်သင်ယူမှုရလဒ် ။ ။"Hello" ကဗျာပါ စကားလုံးများကို အသုံးပြု၍ မိမိအမည်ကို အစားထိုး ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "Hello" **ကဗျာပါ စကားလုံးသုံး၍ ဆရာ၏ဦးဆောင်မှုဖြင့်နှစ်ယောက်တစ်တွဲ တွဲ၍ နှုတ်ဆက်ခြင်း(မိနစ် ၃၀)**

- "Hello" ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါ။
- ကလေးတစ်ဦးကို အတန်းရှေ့လာပါစေ။
- ဆရာက "Hello"ကဗျာပါစကားလုံးသုံး၍(အမည်)နေရာတွင် မိမိ၏အမည်ကို အစားထိုး၍ ရွတ်ဆိုပြပါ။
- အတန်းရှေ့သို့ခေါ်ထားသောကလေးကိုလည်း မိမိအမည်ကိုအစားထိုးပြီး ရွတ်ဆိုပါစေ။
- ဆရာနှင့်ကလေး အပြန်အလှန် မိမိအမည်များကို အစားထိုး၍ပြောပါ။
- တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ပြောဆိုရန် ကလေးနှစ်ဦးအား ဖိတ်ခေါ်ပါ။
- တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်ပြောပါစေ။
- ဆရာက အနားမှကူညီပံ့ပိုးပေးပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ မိမိနှစ်သက်သောကစားနည်းများကိုလက်တွေ့ကစားပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **နှစ်သက်ရာကစားနည်းကစားခြင်း(မိနစ် ၃၀)**

- ကိုယ်လက်လှုပ်ရှားမှုပါသော မိမိနှစ်သက်ရာကစားနည်းများကိုပြောစေပြီးတစ်ဦးချင်းဖြစ်စေ(သို့)အုပ်စုဖွဲ့၍ဖြစ်စေလက်တွေ့ ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ကောင်းသောအမူအကျင့်များကိုဖော်ထုတ်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ကောင်းသောအမူအကျင့်များကိုဖော်ထုတ်ခြင်း (မိနစ် ၃၀)**

- အောက်ပါအကြောင်းအရာများကို ဆရာကဖတ်ပြပြီး ကောင်းသော အမူအကျင့်ဖြစ်ပါက ကလေးများကလက်မြှောက်ပြရမည်။ကောင်းသောအမူအကျင့်မဟုတ်ပါကလက်မမြှောက်ရပါ။
- သူများပစ္စည်းကို လုယူသည်။
- ချော်လဲနေသူကို ထူမပေးသည်။
- အဘိုးအဘွားကို ရေခပ်တိုက်သည်။
- မိဘတွေကို နှိပ်ပေးသည်။
- မိမိအလှည့်ကျ စနစ်တကျတန်းစီတတ်သည်။
- သောက်ရေအိုးထဲ လက်နှစ်၍ရေခပ်သည်။
- အမှိုက်ကို အမှိုက်ပုံးထဲထည့်သည်။
- အိမ်သာသုံးပြီး ရေလောင်းချသည်။
- အချင်းချင်းရန်ဖြစ်သည်။
- ထို့နောက်ဆရာက ကောင်းသော အမူအကျင့်များကို ထုတ်ဖော်ပြောပြပြီး ကလေးတို့မှာ ဒီလိုအမူအကျင့်ကောင်းတွေရှိလျှင် လူတွေအားလုံးကချစ်တယ်။ ဒါကြောင့် ဒီလို ကောင်းတဲ့ အမူအကျင့်တွေရှိဖို့ လိုအပ်ကြောင်းပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ စက္ကူကိုသုံး၍ ရုပ်ပုံခေါက်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ရုပ်ပုံခေါက်ခြင်း (မိနစ် ၃၀)**

- စက္ကူဖြင့်ရုပ်ပုံခေါက်ရာတွင်ဆရာကနမူနာခေါက်ပါစေ။ (ဥပမာခွေးရုပ်၊ကြောင်ရုပ်. . )
- ကလေးများအား ဆရာနှင့် အတူလိုက်ခေါက်ပါစေ။
- ကလေးများကိုယ်တိုင် ပြုလုပ်ပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ရုပ်ပုံကို ကြည့်၍ ကလေး၏ထင်မြင်ချက်ကို ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ကျွန်တော့်အမေလားခင်ဗျာ"ပုံပြင်ပါ ရုပ်ပုံများကို ကြည့်၍ကလေးများ၏ ထင်မြင်ချက်ကိုပြောစေခြင်း(၄၅ မိနစ်)**

- ဆရာက "ကျွန်တော့်အမေလားခင်ဗျာ" ပုံပြင်စာအုပ်မျက်နှာဖုံးပါ ရုပ်ပုံများမှ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ရုပ်ပုံများကို မေးပါ။
- (ဥပမာ-ဒီပုံလေးက ဘာပုံလေးလဲ။ ဘာလုပ်နေတာလဲ။ ဘယ်လို အော်မယ်ထင်သလဲ။ ဘာတွေပြောနေမယ်ထင်သလဲ။. . . စသည်ဖြင့်)
- ကလေးများ မေးခွန်းဖြေသည့်အခါတိုင်း ချီးကျူးပါ။
- စာမျက်နှာ တစ်ခုချင်းစီရှိ ရုပ်ပုံများကိုလည်း အထက်ပါအတိုင်းသင့်တော်သလို မေးခွန်းများမေးပါ။
- ဒီပုံပြင်က ဘယ်သူ့အကြောင်းဖြစ်မယ်ထင်သလဲမေးပါ။
- ပုံပြင်ခေါင်းစဉ်ကို မိတ်ဆက်ပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ကဗျာများကို မှန်ကန်သွက်လက်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ကျောင်းခန်းဝင် ကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ဆရာက ကဗျာတစ်ပုဒ်လုံးကို အသံနေအသံထား မှန်မှန်ဖြင့် ရွတ်ဆိုပြပါ။
- ဆရာနှင့်အတူ ကဗျာတစ်ပုဒ်လုံးကို အသံထွက် မှန်ကန်စွာ ရွတ်ဆိုပါစေ။
- အုပ်စုလိုက်၊ သို့မဟုတ် အတန်းလိုက် ကဗျာကို အသံထွက် မှန်ကန်စွာရွတ်ဆို ပါစေ။
- တစ်ဦးချင်းဆိုနိုင်သူ ရှိပါကလည်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ "Hello" ကဗျာပါစကားလုံးများကို အသုံးပြု၍ အပြန်အလှန် နှုတ်ဆက်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"Hello"ကဗျာပါစကားလုံးများသုံး၍ အချင်းချင်း ပြောဆို နှုတ်ဆက်ခြင်း၊ ပြောခြင်း (မိနစ် ၃၀)**

- "Hello" ကဗျာကို ဆရာနှင့်ကလေးများ အတူတူအမူအရာဖြင့် ရွတ်ဆိုပါ။
- ဆရာနှင့် ကလေးတစ်ဦး မိမိအမည်ကိုအသုံးပြု၍ အမူအရာဖြင့်အပြန်အလှန်ရွတ်ဆိုပါ။
- ကလေးများအား နှစ်ယောက်တစ်တွဲစီ တွဲပါ။
- အထက်ပါနည်းအတိုင်း Hello ကဗျာကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အမူအရာဖြင့် ရွတ်ဆို၍ နှုတ်ဆက်ပါစေ။
- လိုအပ်ပါက ဆရာမှ ကူညီပံ့ပိုးပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ် ။ ။ မိမိပတ်ဝန်းကျင်ရှိချစ်ခင်သောသူများအကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ရုပ်ပုံကြည့်၍ပြောခြင်း(မိနစ် ၃၀)**

- ဆရာကမိသားစုဝင်နှင့်သူငယ်ချင်းများပါသော ရုပ်ပုံကိုရှာဖွေထားပါ။
- လူပုံများ (မိသားစုဝင်နှင့်သူငယ်ချင်းများပုံ)ပါသော ရုပ်ပုံကားချပ်ကို ကြည့်ရှုလေ့လာ၍ ကလေးများက မိမိချစ်သောသူကို ရွေးချယ်ပါစေ။ ထို့နောက် ဘာကြောင့် ချစ်ရသည်ကို ပြောပြပါစေ။ တခြားဘယ်သူတွေကို ချစ်သေးလဲဟုမေးပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အရွယ်အစားတူသောအရာဝတ္ထုများကိုယှဉ်တွဲတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **ယှဉ်တွဲခြင်း (၁၅ မိနစ်)**

- ဆရာကအရွက်မျိုးစုံခူးပြီးအတန်းရှေ့တွင်စုပုံထားပါ။
- ထိုအရွက်များမှ ကလေးတစ်ဦးလျှင် အရွယ်အစားတူသော အရွက်(၂)ရွက်ကို ရွေး၍ ယှဉ်တွဲရမည်။

  မှတ်ချက်။ ။အရွက်များခူးရာတွင် ကလေးများအတွက် အန္တရာယ်ဖြစ်စေသော အရွက်များ(အနံ့ပြင်းသော၊ အမွေးများပါသော၊ ဆူးပါသော၊ အစေးထွက်သော အရွက်များ)ကို အသုံးမပြုရန်။

လုပ်ငန်းစဉ်(၂) ။ ။ **ယှဉ်တွဲခြင်း (၁၅ မိနစ်)**

- အတန်းရှေ့တွင် အရွယ်အစားစုံစာအုပ်များကို စုပုံထားပါ။
- ထိုစာအုပ်များထဲမှ အရွယ်အစားတူသော စာအုပ်များကို ကလေးများက ရွေးချယ်၍ ယှဉ်တွဲရပါမည်။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **မိမိချစ်ခင်သော လူ၊ တိရစ္ဆာန်ပုံဆွဲခြင်း (မိနစ် ၃၀)**

- မိမိချစ်ခင်သောလူ၊ သို့မဟုတ် တိရစ္ဆာန်ပုံများဆွဲခြင်း။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ပုံပြင်များကို နားထောင်ပြီးပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ကျွန်တော့်အမေလားခင်ဗျာ"ပုံပြင်ကို စာအုပ်ပြပြောခြင်း(၄၅ မိနစ်)**

- ဆရာက ကလေးများ မျက်လုံးနှင့် တစ်တန်းတည်းဖြစ်အောင် ထိုင်ပါ။
- ပထမဆုံး ပုံပြင်ခေါင်းစဉ်ကိုပြောပါ။
- ဆရာက ပုံပြင်စာအုပ်ကိုကြည့်ပြီး အသံနေအသံထားဖြင့် ကလေးများ စိတ်ဝင်စားမှုရှိလာအောင် ပြောပါ။
- ပုံပြင်ပါအကြောင်းအရာကို တဖြည်းဖြည်း အစမှ အဆုံးပြောပါ။
- ပုံပြင်ပြောနေစဉ် သင့်လျော်ရာနေရာတွင် ရပ်ပြီးမေးခွန်းများမေးပါ။
- (ဥပမာ- ဥလေးထဲက ဘာထွက်လာတာလဲ၊ ငှက်ကလေးက ဘယ်သူနဲ့ စတွေ့တာလဲ၊ ဘာတွေပြောသလဲ၊ နောက်ထပ်ဘယ်သူနဲ့ တွေ့မယ်ထင်သလဲ)

DBE BOX

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ကဗျာကို အမူအရာဖြင့် မှန်ကန်သွက်လက်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **နှစ်သက်ရာကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ကလေးများနှစ်သက်ရာ ကဗျာကိုအမူအရာဖြင့်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ "Good Morning" ကဗျာကို မှန်ကန်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "Good Morning"**ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

"Good Morning"
(Good morning to you)$^2$
Good morning dear my friends,
Good morning to you.

- ဆရာကကဗျာကို ၂ ခေါက်၊ သို့မဟုတ် ၃ ခေါက် အသံထွက်မှန်မှန်နှင့် ရွတ်ဆိုပြပါ။
- ဆရာနှင့်ကလေးများ အတူတကွ ရွတ်ဆိုပါ။
- ကလေးများကိုယ်တိုင် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ မိမိကိုယ်ခန္ဓာ အစိတ်အပိုင်းများကိုသိရှိပြီး တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **ဆရာပြောမယ်ကစားနည်းကစားခြင်း (မိနစ် ၃၀)**

- ကိုယ်ခန္ဓာအစိတ်အပိုင်းများပြောပြီး ကစားမည်ဖြစ်သဖြင့်ကလေးများကိုကိုယ်ခန္ဓာ အစိတ်အပိုင်းများဦးစွာမေးပါ။(ဥပမာ-နားရွက်ကလေးကဘယ်မှာလဲ. . . . စသည်ဖြင့်)
- 'ဆရာပြောမယ်' စကားလုံးပါသောညွှန်ကြားချက်ကိုသာလိုက်လုပ်ရပါမည်။
- ဥပမာ-ဆရာပြောမယ်လက်မြှောက်ပါ။ ကလေးအားလုံး လက်မြှောက်ရမည်။
- နားရွက်ကိုကိုင်ပါဆိုလျှင် 'ဆရာပြောမယ်'စကားလုံးမပါသဖြင့် လိုက်မလုပ်ရပါ။
- ထိုသို့ကစားရာတွင် ပထမဆင့်၌ ဆရာကဖြည်းဖြည်းချင်းခေါ်၍ ပြောမည်။ ဒုတိယအကြိမ်မြန်မြန်ပြောပြီး ကစားမည်။ (ဤနည်းအားဖြင့်ကိုယ်ခန္ဓာရှိအစိတ်အပိုင်းများကိုကစားနိုင်သည်။)

လုပ်ငန်းစဉ်(၂) ။ ။ **ကဗျာသီဆိုခြင်း (မိနစ် ၃၀)**

**"တစ်ကိုယ်ရေသန့်ရှင်းရေး"**
အိပ်ရာထလျှင် မျက်နှာသစ်လို့
မညစ်ပတ်အောင်နေပါ့မယ်
မျက်နှာသစ်လျှင်သွားပါတိုက်လို့
ကျန်းမာရေးကိုဂရုစိုက်မယ်
အုန်းဆီလိမ်းကာ ခေါင်းကိုဖြီးလို့
ခြေသည်းလက်သည်းလှီးပါ့မယ်
အင်္ကျီ၊ လုံချည်ကြေးညှော်ကင်းအောင်
သန့်သန့်ရှင်းရှင်းဝတ်ပါ့မယ်
ကျောင်းသွားချိန်မှာငါတို့သွားလို့
နားချိန်နားလို့ကစားမယ်
- (ကစားမယ်)$^၂$။

- တစ်ကိုယ်ရေသန့်ရှင်းရေးကဗျာကိုဆရာနှင့်အတူ ဟန်ပန်အမူအရာနှင့်သီဆိုပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကဗျာသီဆိုပြီးပါက ဆရာနှင့် ကလေးအပြန်အလှန် ဆွေးနွေးပါ။ (ဥပမာ- အိပ်ရာထလျှင်ဘာတွေလုပ်ရမလဲ။. . . စသည်ဖြင့်)



DREBOX

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ စိတ်ကူးဖြင့်ပုံဖော်တတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ **ပုံဖော်ခြင်း (မိနစ် ၃၀)**

- ကလေးများအားသင့်လျော်သလိုအုပ်စုများ ဖွဲ့ပါ။
- ကလေးများအားမိမိနှစ်သက်ရာကစားစရာ၊ သို့မဟုတ် စားစရာကို ပုံဆွဲပါစေ။
- ဆရာက အုပ်စုတစ်စုလျှင် စာရွက်ကြီးတစ်ရွက်ပေးပါ။
- တစ်ဦးချင်းဆွဲထားသောပုံများကို အုပ်စုလိုက်စာရွက်ကြီးပေါ်တွင်ပုံဖော်ကပ်ပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ ကဗျာကို အမူအရာဖြင့် မှန်ကန်သွက်လက်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ **နှစ်သက်ရာကဗျာရွတ်ဆိုခြင်း(မိနစ် ၃၀)**

- ကလေးများနှစ်သက်ရာကဗျာကို အမူအရာဖြင့်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ လွယ်ကူသော မေးခွန်းများကို ဖြေတတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ **သိသမျှပြောမယ်ကစားနည်းကို ကစားခြင်း(မိနစ် ၃၀)**

- မေးခွန်းတစ်ခုမေးပြီး အဖြေ ဘယ်လောက်များများ ရနိုင်သည်ကိုလေ့လာပါ။

ဥပမာ-လေထဲမှာ ပျံနိုင်တာ ဘာတွေလဲ။

အရောင်တွေ ဘယ်လောက်သိသလဲ။

အသီးတွေ၊အပင်တွေ၊ အပွင့်တွေ၊ အမျိုးတွေ (ဦးလေး၊ ဒေါ်လေး၊ အဘိုး၊ အဘွား) ဘယ်လောက် သိသလဲစသည်ဖြင့် အမျိုးမျိုးမေးနိုင်ပါသည်။

**အသေးစိတ်သင်ယူမှုရလဒ်** ॥ ॥ "Good Morning" ကဗျာကို အမူအရာနှင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ "Good Morning"**ကဗျာကို အမူအရာနှင့် ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဆရာကကဗျာကို ၂ ခေါက် (သို့မဟုတ်) ၃ ခေါက် အသံထွက်မှန်မှန်ဖြင့် ရွတ်ဆိုပြပါ။
- ဆရာနှင့်ကလေးများ အတူတကွ ရွတ်ဆိုပါ။
- ဆရာနှင့်ကလေးများ အမူအရာဖြင့် ရွတ်ဆိုပါ။
- ကလေးများကိုယ်တိုင် အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ပတ်ဝန်းကျင်ရှိ ပစ္စည်းများကိုအထိအတွေ့၊ အနံ့၊ အရသာ၊ အမြင်၊ အကြား တို့ဖြင့်ခံစားပြီးပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ॥ **အထိအတွေ့ကိုစမ်းသပ်ခြင်း (၅ မိနစ်)**

- ဆရာက ကလေးများအား မိမိတို့ဝတ်ထားသော အဝတ်များကို ကိုင်ကြည့်စေပြီး (နူးညံ့၊ ချော၊ ပျော့၊ မာ၊ ကြမ်း)စသည်ဖြင့် ခွဲခြားပြောပါစေ။
- စာသင်ခန်းတွင်းရှိ ပစ္စည်းများကိုလည်းကိုင်ကြည့်၍ ခံစားမှုကိုပြောပါစေ။

Magic Bag**ကစားနည်း (မိနစ် ၂၀)**

- အိတ်တစ်ခုထဲတွင်အပျော့၊ အမာ၊ အကြမ်းစသည့် ပစ္စည်း(၅)မျိုးခန့်ကို **ထည့်ပါ။ ပစ္စည်း** ထည့်ထားသောအိတ်ကို ကလေးအုပ်စုများကို တစ်လှည့်စီစမ်းခိုင်းပါ။ ပြီးနောက် အိတ်ထဲရှိ ပစ္စည်းများကိုခန့်မှန်း၍ပြောပါစေ။ အုပ်စုအားလုံးခန့်မှန်းပြောပြီးပါက ဆရာက အိတ်ထဲရှိ ပစ္စည်းများကို ထုတ်ပြပါ။ အမှန်ဆုံးခန့်မှန်းပြောဆိုနိုင်သောအဖွဲ့ကို ဆရာက အားပေးပါ။

DBE Box

လုပ်ငန်းစဉ်(၂) ။ ။ **အရသာခံခြင်း (၁၅ မိနစ်)**

- ဆားနှင့်သကြားတို့ကိုခွက်တစ်ခုစီတွင်ထည့်ထားပါ။
- ကလေးများအားမည်သည့်အရာဖြစ်သည်ကိုခန့်မှန်းပါစေ။
- ဆရာက ကလေးများအားအရသာကိုမြည်းကြည့်ခိုင်းပါစေ။
- ကလေးများက မည်သည့်ပစ္စည်းများဖြစ်သည်ကိုပြောပါစေ။
- မြည်းကြည့်သည့်အခါ ဆားကဘယ်လိုအရသာရှိသလဲ။ သကြားက ဘယ်လိုအရသာရှိလဲ။ ချိုတယ်၊ ငန်တယ်၊ ချိုတာ ဘယ်လိုလုပ်ကြည့်လို့သိတာလဲဟူသော မေးခွန်းများမေးပါ။

လုပ်ငန်းစဉ်(၃) ။ ။ **အနံ့ခံခြင်း (မိနစ် ၂၀)**

- ဆရာက ကလေးများအား တစ်ဦးလျှင်ပန်း (၁)ပွင့်စီ **ယူလာရန်မှာပါ။**
- ကလေးများအားမိမိတို့ယူလာသော ပန်းများကို **တစ်ဦးနှင့်တစ်ဦး** လဲ၍နမ်းပါစေ။
- ဘာအနံ့ရသလဲ၊ဘယ်လိုလုပ်သိတာလဲ(မွှေး/နမ်းကြည့်. . . )၊ဘာနဲ့မွှေးကြည့်တာလဲ/ နမ်းကြည့်တာလဲ။
- မှတ်ချက်။ ။အန္တရာယ်မရှိသောပန်းများဖြစ်အောင်ဆရာကသတိပြုပါ။ (ဥပမာ- စံပယ်၊ နှင်းဆီ၊ ခရေ၊ ရွှေပန်း၊ ငွေပန်း. . . စသည်ဖြင့်) ဆရာက ကလေးများ ယူလာသော ပန်းပွင့်များတွင်ပိုးကောင်ယ်များမပါအောင် ဦးစွာစစ်ဆေးကြည့်ရှုပါ။
- အခြားအနံ့ရှိသောပစ္စည်း၊ အရွက်များကိုနမ်းပါစေ။
- ခံစားရသောအနံ့ကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ **သီချင်းကဗျာကိုဟန်အမူအရာဖြင့်သီဆိုတတ်ရန်။**

လုပ်ငန်းစဉ် ။ ။ **သီဆိုခြင်း (မိနစ် ၃၀)**

- ဆရာက ဟန်အမူအရာဖြင့်ဦးစွာ ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။

**"ခေါင်း၊ ပခုံးနဲ့ ဒူးခြေဖျား"**

- [ခေါင်း၊ပခုံးနဲ့ ဒူးခြေဖျား
- (ဒူးခြေဖျား)၂
- ခေါင်း၊ ပခုံးနဲ့ ဒူးခြေဖျား
- မျက်စိ၊ နား၊ နှာခေါင်းနဲ့ပါးစပ်]၂

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ပုံပြင်ကို ဆရာနှင့်အတူ ပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ကျွန်တော့်အမေလားခင်ဗျာ"ပုံပြင်ကို ပြောခြင်း (မိနစ် ၃၀)**

- ဆရာက " ကျွန်တော့် အမေလားခင်ဗျာ" ပုံပြင်ကို ပြန်ပြောပါ။
- ဆရာနှင့်အတူ ပြောနိုင်သောကလေးရှိပါက ပြောပါစေ။
- ပုံပြင်ပြောနေစဉ် မေးခွန်းများ မေးပါ။ (ဥပမာ - ဥကလေးက ဘယ်ကကျလာသလဲ။ ဘာလို့ကျလာတာလဲ။ ဘယ်နေရာတွေကို ဖြတ်သွားသလဲ။ ဘယ်သူတွေနဲ့ တွေ့သလဲ။ နောက်ထပ် ဘာဆက်ဖြစ်မယ်ထင်သလဲ။. . . စသည်ဖြင့်)
- ငှက်ကလေးတွေ့ခဲ့သော တိရစ္ဆာန်လေးများကို မေးပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ပုံပြင်များကို နားထောင်ပြီး အမူအရာဖြင့် သရုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **“ကျွန်တော့်အမေလားခင်ဗျာ”ပုံပြင်ကို အမူအရာဖြင့် သရုပ်ဆောင်ခြင်း(မိနစ် ၃၀)**

- ဆရာက ပုံပြင်ကို အသံနေအသံထားဟန်ပန်အမူအရာဖြင့် အစမှအဆုံးပြောပါ။
- ပုံပြင်ပြောနေစဉ် ပုံပြင်ပါ တိရစ္ဆာန်များ၏ အော်သံများ၊ လှုပ်ရှားပုံများကို ကလေးများနှင့်အတူပြောပါ၊လုပ်ပါ။
- တိရစ္ဆာန်များ၏အော်သံများလှုပ်ရှားပုံများကို ထပ်လုပ်ချင်သောကလေးများရှိပါက ထပ်လုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ "Good Morning" စကားလုံးကိုအသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "Good Morning"**ကဗျာကို အုပ်စုဖွဲ့၍နှုတ်ဆက်စေခြင်း (မိနစ် ၃၀)**

- "Good morning" ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါ။
- ကလေးများကို အုပ်စု နှစ်ဖွဲ့ ဖွဲ့ပါ။
- ကဗျာကို အုပ်စုနှစ်ဖွဲ့ အပြန်အလှန် အမူအရာဖြင့် ရွတ်ဆိုပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အကြားအာရုံကိုသုံးပြီး အရာဝတ္ထုပစ္စည်းများကိုခွဲခြားတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အကြားအာရုံကိုသုံး၍ကစားခြင်း (မိနစ် ၃၀)**

- ဆရာက ရေသန့်ဘူး(၃)ဘူးတွင် ပထမတစ်ဘူးကို ဆန်စေ့များထည့်ပါ။ဒုတိယတစ်ဘူးကို ခဲလုံးအသေးလေးများထည့်ပါ။ တတိယဘူးကိုရေထည့်ပါ။ (ဆန်စေ့၊ ခဲလုံး၊ ရေတို့ကို အပြည့်မထည့်ရန်)
- ကလေးများကိုပြပါ။ ထို့နောက်ဘူးများကိုတစ်ခုခုဖြင့်ကွယ်၍ ထိုဘူးများကိုတစ်ခုချင်း လှုပ်ပြပါ။ ကလေးများကအသံကိုနားထောင်ပြီး မည်သည့်ပစ္စည်းဖြစ်သည်ကို ပြောပါစေ။
- ထို့နောက်ဆရာကဘယ်လိုလုပ်သိသလဲဟုမေးပါ။ (နားထောင်ကြည့်တယ်)ဟု ဖြေလျှင်. . . “ဘာနဲ့နားထောင်တာလဲ”ဟုဆက်မေးပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အရောင်တူအရာဝတ္ထုပစ္စည်းများကိုစုဆောင်းတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **အရောင်တူစုခြင်း (၁၅ မိနစ်)**

- ဆရာကကလေးအုပ်စုတိုင်း၏စားပွဲတွင်ရောင်စုံစက္ကူအပိုင်းအစများကိုစုပုံထားပါ။
- ဆရာက အဖြူရောင်ဟုပြောလျှင် ကလေးများက ထိုစက္ကူရောင်စုံအပိုင်းများထဲမှအဖြူရောင်များကို ရွေး၍စုပါစေ။
- ထိုနည်းအတိုင်းကျန်အရောင်များကိုလည်း စုပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **အရောင်တူပစ္စည်းများစုခြင်း (၁၅ မိနစ်)**

- စာသင်ခန်းတွင်းရှိခဲတံ၊ ခဲဖျက်၊ ရေဘူး၊ လွယ်အိတ်စသည်တို့မှအနီရောင်ရှိသော ပစ္စည်းများကို ရှာဖွေ၍ တစ်စုစုပါ။
- ထိုအနီရောင်များထဲမှ အမျိုးအစားတူရာပစ္စည်းများကိုထပ်မံ၍တစ်စုစုပါ။
- (ထိုနည်းအတိုင်းကျန်အရောင်များကိုလည်းအမျိုးအစားတူရာစုပါစေ။)

အသေးစိတ်သင်ယူမှုရလဒ် ။ ။ သီချင်းကဗျာကိုဟန်အမူအရာဖြင့်သီဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **သီဆိုခြင်း (မိနစ် ၃၀)**

- ဆရာက ဟန်အမူအရာဖြင့်ဦးစွာ ရွတ်ဆိုပြပါ။



DRF BOX

- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။

**"မျက်စိလေးကမြင်တယ်"**

မျက်စိလေးက မြင်တယ်
နားကလေးက ကြားတယ်
နှာခေါင်းလေးက လေကိုရှူရတယ်
ဦးနှောက်လေးက တွေးကာ
ပါးစပ်လေးကိုဟကာ

- ပျော်ပျော်ရွှင်ရွှင်သီချင်းဆိုကြစို့ကွယ်။
- ပျော်ရွှင်တယ်။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ လွယ်ကူသော မေးခွန်းများကို ဖြေတတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ **သိသမျှပြောမယ် ကစားနည်းဖြင့် ကစားခြင်း(မိနစ် ၃၀)**

- ယခင်နေ့နှင့် မဟူသောမေးခွန်းများကိုသုံး၍သိသမျှပြောမယ်ကစားနည်းဖြင့် ကစားပါမည်။

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ ပုံပြင်ကို မိမိစကားဖြင့် ပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ **"ကျွန်တော့်အမေလားခင်ဗျာ"ပုံပြင်ကို ကလေးတစ်ဦးချင်း ပြောစေခြင်း (မိနစ် ၃၀)**

- ဆရာကကလေးများအား"ကျွန်တော့်အမေလားခင်ဗျာ"ပုံပြင်ကို ပြောချင်တဲ့သူရှိသလား။ ဘယ်သူပြန်ပြောတတ်သလဲမေးပါ။
- ပြောချင်သော ကလေးရှိက ပြောပါစေ။
- ကလေးပုံပြင်ပြောနေစဉ် လိုအပ်သော နေရာတွင် ဆရာက ကူညီပါ။
- နောက်ထပ်ပြောချင်သောကလေးရှိပါက ပြောပါစေ။
- ဆရာနှင့်အတူ ပြောနိုင်သောကလေးရှိပါက ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ "Good Morning" စကားလုံးကိုအသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ "Good Morning"**ကဗျာကို ဆရာ၏ ဦးဆောင်မှုဖြင့် နှစ်ယောက်တစ်တွဲတွဲ၍ ပြောခြင်း (မိနစ် ၃၀)**

- "Good morning" ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါ။
- ကလေးတစ်ဦးကို အတန်းရှေ့ လာပါစေ။
- ဆရာက ကလေးနှင့် Good morning ကဗျာကို အပြန်အလှန်ရွတ်ဆို၍ နမူနာပြနှုတ်ဆက်ပါ။
- **တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ပြောဆိုသော ကလေးနှစ်ဦးအား** ဖိတ်ခေါ်ပါ။
- တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်ပြောပါစေ။
- ဆရာက ကူညီပံ့ပိုးပါ။

DBEBOX

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ပတ်ဝန်းကျင်ရှိပစ္စည်းများအားအမြင်အာရုံကိုသုံးပြီးပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **မှတ်ဉာဏ်ကစားနည်းကိုကစားခြင်း (မိနစ် ၃၀)**

- စာသင်ခန်းတွင်းရှိငင်းတို့မြင်ရသောပစ္စည်းများကိုပြောပါစေ။
- အတန်းပြင်ထွက်၍ ၎င်းတို့ပတ်ဝန်းကျင်တွင်မြင်ရသောအရာများကိုပြောပါစေ။
- ဘာတွေမြင်ရသလဲ၊ ဘယ်လိုသိတာလဲဟုမေးပါ။ လိုက်ကြည့်လို့သိတယ်ဖြေပါက“ဘာနဲ့ကြည့်တာလဲ”ဟုဆက်မေးပါ။
- ဆရာကပစ္စည်း(၅)မျိုး၊ သို့မဟုတ် (၆)မျိုးကိုစားပွဲပေါ်တွင် တင်ထားပြီး ကလေးများကို ကြည့်ရှုပါစေ။(အချိန်ပေးပါ။)ထို့နောက်ကလေးများကိုမျက်လုံးမှိတ်ခိုင်းပါ။ ဆရာကထိုပစ္စည်းများထဲမှ တစ်ခုခုကိုယူထားပါမည်။ ပြီးမှကလေးများကို မျက်လုံးဖွင့်စေပြီးထိုယူထားသောပစ္စည်းကိုဖော်ထုတ်ခိုင်းပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ပုံသဏ္ဌာန်တူအရာဝတ္ထုပစ္စည်းများကိုစုစည်းတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ပုံသဏ္ဌာန်တူပစ္စည်းများစုခြင်း (မိနစ် ၃၀)**

- ကလေးများအားအိမ် (သို့မဟုတ်) ကျောင်းပတ်ဝန်းကျင်မှ သစ်ရွက်မျိုးစုံကိုယူလာပါစေ။
- ယူလာသောသစ်ရွက်ပုံသဏ္ဌာန်မျိုးစုံကိုအတန်းရှေ့တွင်စုထားပါ။
- ဆရာကအရင်ဆုံးပုံသဏ္ဌာန်တူသစ်ရွက်များစုစည်းခြင်းကို နမူနာပြုလုပ်ပြပါ။ထို့နောက် ကလေးတစ်ဦးလျှင် သစ်ရွက်တစ်ရွက်စီယူပါစေ။
- ပုံသဏ္ဌာန်တူသစ်ရွက်ရသူအချင်းချင်း စုစည်း၍အုပ်စုဖွဲ့ပါစေ။
- ပုံသဏ္ဌာန်တူသစ်ရွက်များရရှိထားခြင်းရှိမရှိကိုတစ်ဖွဲ့နှင့်တစ်ဖွဲ့အပြန်အလှန် စစ်ဆေးပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ သီချင်းကဗျာကိုဟန်အမူအရာဖြင့်သီဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **သီဆိုခြင်း (မိနစ် ၃၀)**

- ဆရာက ဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။
- ခေါင်း၊ ပခုံးနဲ့ ဒူးခြေဖျား
- [ခေါင်း၊ ပခုံးနဲ့ ဒူးခြေဖျား
- (ဒူးခြေဖျား)]၂
- ခေါင်း၊ ပခုံးနဲ့ ဒူးခြေဖျား
- မျက်စိ၊ နား၊ နှာခေါင်းနဲ့ပါးစပ်]၂
- မှတ်ချက်။ ။ကလေးများအား မနက်ဖြန် မိမိတို့နေအိမ်မှ ပဲစေ့ယူလာရန် မှာကြားပါ။ (ပဲစေ့မရနိုင်ပါက ကျောက်ခဲ၊ စက္ကူဘူး၊ရေဘူးခွံ. . . အသုံးပြုနိုင်သည်။)

သောကြာနေ့

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ခဲတံကို မှန်ကန်စွာကိုင်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ ခဲတံကိုင်နည်းသင်ပြခြင်း(မိနစ် ၃၀)

**ခဲတံကိုင်နည်းကဗျာ**

၁။ 'လက်ညှိုးနဲ့ လက်မ ခဲတံထိပ်ကိုမ

၂။ နောက်တစ်ဖက်ကို မလှဲ့တင် ခဲတံကိုင်ဖို့ပြင်

၃။ လက်ခလယ်ကို အောက်မှာထား မှန်မှန်ကန်ကန်ကိုင်စို့လား'

- ကလေးများအားလုံးကို ခဲတံတစ်ချောင်းစီရှေ့မှာချထားပေးပါ။
- အဆင့်(၁)မှ (၃)အထိကိုဆရာက ရွတ်ဆိုရင်း လက်တွေ့လုပ်ပြပါ။
- နှစ်ကြိမ်သုံးကြိမ်ခန့်ပြုလုပ်ပါ။
- နှုတ်၏ရွတ်ဆိုခြင်းနှင့် လက်၏ဆောင်ရွက်ခြင်းကို တစ်ပြိုင်တည်းပျော်ရွှင်စွာ သီဆိုလှုပ်ရှားစေရင်း ခဲတံကိုင်တတ်သည်အထိ ဆောင်ရွက်ပါ။
- ထို့နောက်စိတ်ကြိုက်ရေးခြစ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အာရုံ(၅)ပါးကို အသုံးပြု၍ မိမိစိတ်ကူးကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဘာတွေလဲ ကစားနည်းဖြင့် ကစားခြင်း(မိနစ် ၃၀)**

- အဝတ်အိတ် (သို့) လွယ်အိတ်တစ်ခုကို ယူပါ။ ပစ္စည်းအမျိုးမျိုး ထည့်ထားပါ။ ကလေးများမြင်တွေ့နေကျ ပစ္စည်းမျိုးဖြစ်သင့်ပါသည်။
- (ဥပမာ-သစ်ရွက်၊ ခဲတံ၊ ခဲဖျက်၊ စက္ကူ၊ ရေမြှုပ်၊ ကျွတ်ကျွတ်အိတ်၊ငှက်မွေး၊ အဝတ်စ၊ အဖုံးများ၊ ချွန်စက်. . . စသည်ဖြင့်)
- ကလေးကို မျက်စိပိတ်၍ အိတ်ထဲသို့လက်နှိုက်၍ ပစ္စည်း(၁)ခုကိုယူခိုင်းပါ။ မျက်စိမဖွင့်မီ ယူလိုက်သောပစ္စည်းကို တိတိကျကျပြောပြခိုင်းပါ။ပြီးမှမျက်စိဖွင့်ခိုင်းပါ။ ဆောင်ရွက်မှုကို အားပေးပါ။ ပထမကလေးထုတ်ယူသော ပစ္စည်းအကြောင်းကို ကျန်ကလေးများအား ပြောပါစေ။ (ဥပမာ-ပုံသဏ္ဍာန်၊အသုံးဝင်ပုံ၊ရရှိပုံ)ပစ္စည်းများအစား သစ်သီးများကိုလည်း သုံးနိုင်ပါသည်။
- (ကလေးများဖြေသောအဖြေတွင် ဝါကျအပြည့်ဖြင့်ပြောတတ်ရန်ဆရာက ဦးဆောင်ပါ။)

အသေးစိတ်သင်ယူမှုရလဒ် ။ ။ "Good Morning" စကားလုံးကိုအသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "Good Morning"**စကားလုံးကို အသုံးပြု၍ အချင်းချင်း ပြောဆိုနှုတ်ဆက်ခြင်း (မိနစ် ၃၀)**

- "Good morning" ကဗျာကို ဆရာနှင့်ကလေးများ အတူတူ အမူအရာဖြင့် ရွတ်ဆိုပါ။
- ဆရာက ကလေးတစ်ဦးနှင့်အတူ "Good Morning" ကဗျာကို အပြန်အလှန်ရွတ်ဆို၍ နမူနာပြ နှုတ်ဆက်ပါ။
- ကလေးများအား နှစ်ယောက်တစ်တွဲစီတွဲပါ။
- အထက်ပါနည်းအတိုင်း "Good Morning" ကဗျာကို တစ်ဦးနှင့်တစ်ဦးအပြန်အလှန် အမူအရာဖြင့် ရွတ်ဆို၍ နှုတ်ဆက်ပါ။
- လိုအပ်ပါက ဆရာမှ ကူညီပံ့ပိုးပါ။



DBE Box

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ကိုယ်ခန္ဓာအစိတ်အပိုင်းများအသုံးဝင်ပုံကိုဖော်ထုတ်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ကစားခြင်း (မိနစ် ၃၀)**

- ဗုဒ္ဓဟူးနေ့က သီဆိုခဲ့သော "မျက်စိလေးကမြင်တယ် "သီချင်းကို ပြန်လည်သီဆိုစေပြီး အောက်ပါကစားနည်းကို ဆက်လက်ကစားပါစေ။
- ကလေးများကို အုပ်စု(၂)စုဖွဲ့ပါ။ ဆရာက အောက်ပါအတိုင်းညွှန်ကြားပါ။
- အုပ်စု(၁)ရှိကလေးများက ကိုယ်ခန္ဓာအစိတ်အပိုင်းများအမည်ကို ပြောရမည်။
- အုပ်စု(၂)ရှိကလေးများက ထိုကိုယ်ခန္ဓာအစိတ်အပိုင်းများ၏ အသုံးဝင်ပုံကို အမူအရာဖြင့်ပြောပြရမည်။
- (ဥပမာ-အုပ်စု(၁)က လက်ဟုပြောပါက အုပ်စု(၂)က မုန့်တွေယူစားလို့ရတယ်၊ ပုံတွေဆွဲလို့ရတယ် စသည်ဖြင့်. . . )
- ထိုနည်းအတိုင်း အုပ်စု(၂)စုအား တစ်လှည့်စီ အပြန်အလှန်ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အရွယ်အစားတူသော အရာဝတ္ထုပစ္စည်းများကို စုစည်းတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **အရွယ်အစားတူပစ္စည်းများစုခြင်း (၁၅ မိနစ်)**

- ကလေးများယူဆောင်လာသော အရွယ်အစားမျိုးစုံရှိသောပဲစေ့များကိုအတန်းရှေ့တွင် စုပုံထားပါစေ။
- ကလေးများအုပ်စုအလိုက် အရွယ်အစားတူညီသောပဲစေ့များကိုရွေး၍ စုပုံထားပါစေ။
- ရွေးချယ်ထားသော ပဲစေ့များအရွယ်အစားတူ၊ မတူအုပ်စုအချင်းချင်းအပြန်အလှန်စစ်ဆေးပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **ပုံဖော်ခြင်း (၁၅ မိနစ်)**

- အုပ်စုလိုက်ရွေးထားသောအရွယ်အစားတူပဲစေ့များကိုစက္ကူတစ်ခုပေါ်တွင်နှစ်သက်သလိုပုံဖော်စုစည်းပါစေ။
- စုစည်းနေစဉ် ဆရာကအောက်ပါမေးခွန်းများကိုမေးပါ။
- ဘာပုံဖော်ထားတာလဲ။ (ကလေး၏ အဖြေများကို လက်ခံပေးပါ။)

မှတ်ချက်။ ။စာသင်ခန်းတွင်းရှိ ပစ္စည်းများနှင့်လည်း အသုံးပြုနိုင်သည်။ (ခဲတံ၊ ခဲဖျက်၊ ချွန်စက်)

အသေးစိတ်သင်ယူမှုရလဒ် ။ ။ စိတ်ကူးဖြင့်ပုံဖော်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ စိတ်ကူးဖြင့်ပုံဖော်ခြင်း (မိနစ် ၃၀)

-ပထမပတ်နှင့် ဒုတိယပတ်အတွင်း ကလေးများဆွဲထားသောပုံများကို ကြည့်၍ စိတ်ကူးရှိသလို ပြန်ပြောပါစေ။

DBE BOX